# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုအာမခံစီနစ်အဖွဲ့ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု အာမခံစီနစ်အဖွဲ့ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစီနစ်အဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၁ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ဖြင့် ထည့်သွင်းရမည်။

" (၁) ဤအဖွဲ့သည်၊ ရုတ်တရက် သုံးစွဲရန်မလိုသော မိမိ၏ရံပုံငွေများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်တွင်သော်၎င်း၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်တွင်သော်၎င်း၊ ထိုဘဏ်နှစ်ခုစလုံးတွင်သော်၎င်း အပ်နှံထားရမည်။"

ပ၊မ၊ဗ၊စ၊—အမှတ် ၅၃၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၅၄—၂,၀၀၀—၂၊
အသိုး—၁၀ ပြား]